ANFREL
Asian Network for Free Elections

# သတင်းထုတ်ပြန်ချက်: ANFREL မှ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ၏ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲ အပေါ် နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး စတင်ခြင်း

ရန်ကုန် - အောက်တိုဘာလ ၃၀ရက်၊ ၂၀၁၈ ခုနှစ်

Asian Network for Free Elections (ANFREL) မှ နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကြားဖြတ် ရွေးကောက်ပွဲအား နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်မှု တစ်ခုအဖြစ် လုပ်ဆောင်ရန် မစ်ရှင်ကို အောက်တိုဘာလ ၂၉ ရက်နေ့တွင် စတင်ခဲ့ပြီး ဖြစ်ပါသည်။ အဖွဲ့အစည်း၏ ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲဆိုင်ရာ အဓိက ဖြစ်သော နိုင်ငံရေးပါတီများ၊ အရပ်ဖက် လူထုအခြေပြုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ စီမံအုပ်ချုပ်သူများ၊ မီဒီယာ နှင့် မဲဆန္ဒရှင်များနှင့် ဆက်သွယ်ကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ကျင့်သုံးခြင်း တိုးတက်မှုအား သေချာစွာ လေ့လာရန် နှင့် ပြုပြင်ပြောင်းလဲရန် လိုအပ်ချက်များအား အကြံပြုတင်ပြရန် ဖြစ်ပါသည်။

ANFREL ၏ မစ်ရှင်တွင် ကာလတို ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူ (၉) ဦး ရှိပြီး အာရှအပြင် အခြားနိုင်ငံများမှ ဖြစ်သော ရွေးကောက်ပွဲ စိစစ်သူ (၂) ဦးတို့ ပါဝင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံမှ ဖြစ်သော ANFREL ၏ ပြောရေးဆိုခွင့်ရှိသူ Mr. Damaso G. Magbual သည် မစ်ရှင်၏ ခေါင်းဆောင် ဖြစ်ပါသည်။ လေ့လာစောင့်ကြည့်သူများအား ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်မည့် မဲဆန္ဒနယ် (၁၃)ခု တွင် နေရာချထားပြီး နိုဝင်ဘာလ ၁ ရက်နေ့အထိ ပြုလုပ်မည့် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်ခြင်းများ၊ နိုဝင်ဘာလ ၂ ရက်နေ့ အထိ ပြုလုပ်မည့် ကြိုတင်မဲထည့်ခြင်းများ နှင့် ရွေးကောက်ပွဲနေ့တွင် မဲထည့်ခြင်းဆိုင်ရာ လုပ်ဆောင်ချက်များအား စောင့်ကြည့်လေ့လာသွားမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ လွှတ်တော်တွင် လစ်လပ်နေသော ၏ (၁၃) နေရာ အတွက် တိုင်းနှင့် ပြည်နယ် (၉) ခုတွင် ရှိသည့် မဲရုံ (၁,၃၈၃) ရုံတွင် မဲဆန္ဒရှင် ၉၀၀,၀၀၀ ကျော်မှ နိုဝင်ဘာလ ၃ ရက်နေ့တွင် မဲထည့်ခွင့်ရမည်ဖြစ်ပါသည်။ ထို လစ်လပ်နေရာများတွင် ပြည်သူ့လွှတ်တော်မှ (၄) နေရာ၊ အမျိုးသား လွှတ်တော်တွင် (၁) နေရာ နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများဖြစ်သော ချင်း၊ စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရခိုင် နှင့် ရန်ကုန်တို့မှ (၈) နေရာတို့ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲသည် နိုဝင်ဘာလ ၂၀၁၅ တွင်ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ ကျင်းပပြီးနောက် ဧပြီလ ၂၀၁၇ တွင်ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲ ပြီးလျှင် ဒုတိယအကြိမ် ကျင်းပခြင်း ဖြစ်သည်။ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲ နှစ်ကြိမ်လုံးတွင် ANFREL သည် မြန်မာနိုင်ငံတွင်ရှိခဲ့ပြီး ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲ၏ ခြုံငုံသုံးသပ်မှုအရ ရွေးကောက်ပွဲဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် မဲရုံဝန်ထမ်းများ၏ ပြင်ဆင်မှုမှာ တိုးတက်လာခြင်းကို တွေ့ရှိရပါသည်။

ယခု ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲသည် အထူးမျှော်လင့်ထားသည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ မတိုင်မီ နောက်ဆုံးကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲဖြစ်ရာ လွတ်လပ်ပြီး မျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် နိုင်ငံတကာ အဆင့်မီရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လုပ်ဆောင်ချက်များ တိုးတက်မှု သို့မဟုတ် လိုအပ်ချက်များကို ခြေရာခံမိရန်အတွက် အသုံးဝင်ပါသည်။ မစ်ရှင်၏ သုံးသပ်ချက်သည် နိုင်ငံတကာ အသိအမှတ်ပြု မဲပေးခွင့်နှင့် International Covenant on Civil and Political Rights (ICCPR) အပါအဝင် လူ့အခွင့်အရေးများနှင့်

ဒေသဆိုင်ရာ တိုင်းတာမှုများဖြစ်သော Bangkok Declaration on Free and Fair Elections နှင့် the Dili Indicators of Democratic Elections တို့ အပေါ်တွင် အခြေခံသွားမည် ဖြစ်ပါသည်။

ANFREL မှ ကြားဖြတ်ရွေးကောက်ပွဲ၏ စီမံလုပ်ဆောင်မှုများအပေါ် ကြိုတင်လေ့လာချက်များအား ကြားကာလ တင်ပြချက်အား နိုဝင်ဘာလ (၅) ရက်နေ့တွင် ထုတ်ပြန်ကြေငြာမည်ဖြစ်ပါသည်။ နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေး မစ်ရှင်၏ နောက်ဆုံး အစီရင်ခံချက်ကိုမူ ရွေးကောက်ပွဲ အပြီး (၂) လ အကြာတွင် ထုတ်ပြန်ကြေငြာမည်ဖြစ်ပါသည်။

ANFREL မှ မြန်မာပြည်သူ/သားများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့အနေဖြင့် ငြိမ်းချမ်းသော မဲဆွယ်ဟောပြောခြင်း နှင့် နိုဝင်ဘာလ ၃ရက်နေ့တွင် အောင်မြင်သော ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်မြောက်ပါစေဟု ဆုမွန်ကောင်းတောင်းလိုပါသည်။

နိုဝင်ဘာလ ၁၉၉၇ တွင် စတင်တည်ထောင်ခဲ့သော ANFREL သည် အာရှတွင်ရွေးကောက်ပွဲများနှင့် ပတ်သတ်ပြီး ယခင်တည်းက ထင်ပေါ်ကျော်ကြားသော NGO အဖြစ် ရပ်တည်လျက် ရှိပါသည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အခြေစိုက်ကာ ရွေးကောက်ပွဲ မတိုင်မီ နှင့် ရွေးကောက်ပွဲအပြီး လုပ်ငန်းစဉ်များ၊ မိမိ နိုင်ငံအတွင်း ဒီမိုကရေစီ ကျင့်သုံးနိုင်ရေးအတွက်တက်ကြွစွာ လုပ်ဆောင်နေသော အရပ်ဖက် လူထုအခြေပြု အဖွဲ့အစည်းများအား တိုးတက်အောင် ပြုလုပ်ပေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းတို့မှာ ၎င်း၏ အဓိက အာရုံစိုက်ရာ ဖြစ်ပါသည်။ စတင်တည်ထောင်ခဲ့ချိန်မှ စ၍ ယခုအချိန်အထိ နိုင်ငံပေါင်း (၆၀) မှ အရပ်ဖက် လူထုအခြေပြု အဖွဲ့အစည်း (၂၅) ခု၏ ကွန်ယက်မှ လာသော ANFREL လေ့လာစောင့်ကြည့်သူများသည် အာရှရှိ နိုင်ငံ (၁၇) နိုင်ငံမှ ရွေးကောက်ပွဲ (၆၀) နီးပါးအား လေ့လာစောင့်ကြည့်ခဲ့ပြီး ဖြစ်ပါသည်။

*အသေးစိတ် သိရှိလိုပါက အင်္ဂလိပ်ဘာသာဖြင့် Mr. Amaël Vier အား amael@anfrel.org သို့မဟုတ် +959 892455634 သို့ဖြစ်စေ မြန်မာဘာသာဖြင့် မဣန္ဒြာနွယ်အား aein@anfrel.org သို့မဟုတ် +959 422484201 သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။*